# အများပူးပေါင်းပါဝင်သောအာမခံစနစ်
# PARTICIPATORY GUARANTEE SYSTEM

အများပူးပေါင်းပါဝင်သော အာမခံစနစ်သည်-စိုက်ပျိုးထုတ်လုပ်သူများ၊ စားသုံးသူများ၊ ရောင်းဝယ်သူများ တိုက်ရိုက်ပါဝင်ပြီး ၎င်းတို့ကိုယ်တိုင် ထွက်ကုန်အပေါ် ဘေးအန္တရာယ် ကင်းရှင်းကြောင်း အာမခံသောစနစ် ဖြစ်သည်။



ဒေသအတွင်း ထွက်ကုန်/ သီးနှံသည် ဘေးအန္တရာယ် ကင်းရှင်းကြောင်း အရည်အသွေးတို့အပေါ် စိုက်ပျိုးထုတ်လုပ်သူနှင့် စားသုံးသူ အချင်းချင်း ယုံကြည်မှုကို အခြေခံပြီး လူမှုကွန်ယက်အတွင်း ဗဟုသုတဖလှယ်ခြင်းတို့ကို တည်ဆောက်သည့်စနစ်လည်း ဖြစ်သည်။



အော်ဂဲနစ် စနစ်ကို အခြေခံ၍ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူကိုယ်တိုင် မိမိတို့၏ ထွက်ကုန်သီးနှံအပေါ် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံနိုင်ခြင်းနှင့် ပတ်ဝန်းကျင်တောင်သူများ၊ စားသုံးသူများကပါ အာမခံ သည့်စနစ်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။



ဓါတုဓါတ်မြေဩဇာ၊ ဓါတု ပိုးသတ်ဆေးများ သုံးစွဲမှု ဘေးအန္တရာယ်နှင့် သီးနှံတွင် ဓါတ်ကြွင်းများပါဝင်မှုကင်းသော စိုက်ပျိုးနည်းစနစ်ကို ဆောင်ရွက် ခြင်းဖြင့်လည်း ဘေးအန္တရာယ် ကင်းရှင်းသည့် ထွက်ကုန်သီးနှံ ဖြစ်ကြောင်း အာမခံသည့် စနစ်လည်း ဖြစ်ပါသည်။




ဤစိုက်ပျိုးနည်းစနစ်ကိုကျင့်သုံး၍ စိုက်ပျိုးသူတောင်သူကိုယ်တိုင်နှင့် တောင်သူအချင်းချင်း၊ တောင်သူနှင့် စားသုံးသူအကြား မိမိတို့၏ ထွက်ကုန် သီးနှံအပေါ် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးလာနိုင်သည့် လုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်သည်။

စိတ်တူကိုယ်တူ တောင်သူအချင်းချင်း စိုက်ပျိုးနည်းပညာစနစ်၊ ရောင်းဝယ်ဖောက်ကားမှုစနစ် ပြန့်ပွားအောင် ဆောင်ရွက်ခြင်းဖြင့် အာမခံစနစ် ဖွံ့ဖြိုးလာပြီး ဒေသအတွင်း သီးနှံထွက်ကုန် များကို ဈေးကွက်သို့ တိုက်ရိုက် ရောင်းချနိုင်မည်ဖြစ်သည်။


ဤစိုက်ပျိုးနည်း စနစ်ကိုကျင့်သုံးသည့် ဒေသအတွင်း သီးနှံ ထွက်ကုန် များကို စိုက်ကွင်းမှ ဈေးကွက်အထိ ပါဝင်ဆောင်ရွက်သူအားလုံးသည် ( တောင်သူများ၊ လက်ကားရောင်းဝယ်သူများ၊ တန်ဘိုးမြှင့် ထုတ်လုပ်သူများ၊ စုပေါင်းအဖွဲ့များအားလုံး အဆင့်အားလုံး) အဆိုပါ သီးနှံထွက်ကုန် များကို ပိုင်ဆိုင်သူ အဖြစ် ခံယူနိုင်သည်။



"အများပူးပေါင်း ပါဝင်သောအာမခံစနစ်" ကျင့်သုံးခြင်းဖြင့် သီးနှံထုတ်လုပ်မှုအစီအစဉ် တိုးတက်လာခြင်း၊ အရည်အသွေး ကောင်းမွန်လာခြင်း၊ တန်ဘိုးကွင်းဆက်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်း၊ တောင်သူအဖွဲ့များအတွင်း ခိုင်ခိုင်မာမာ ထောက်ခံထားခြင်း၊ တောင်သူ၊ တိုးချဲ့ပညာပေးရေးနှင့် သုတေသနနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းလာနိုင်ကြမည် ဖြစ်ပါသည်။




*IFOAM, 2010*







# အများပူးပေါင်းပါဝင်သောအာမခံစနစ်

# PARTICIPATORY GUARANTEE SYSTEM


# ( PGS )





**စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**

Project Planning, Management and Evaluation Division
Department of Agriculture

**မဟာမဲခေါင်ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအစီအစဉ်**
**(ADB-GMS- CASP 2)**







# အများပူးပေါင်းပါဝင်သောအာမခံစနစ်

# PARTICIPATORY GUARANTEE SYSTEM

# ( PGS )




စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန

Project Planning, Management and Evaluation Division
Department of Agriculture

မဟာမဲခေါင်ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအစီအစဉ်
(ADB-GMS- CASP 2)